

# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး

**မင်းဇထူး**

ယခုတလော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်သတင်းထောက်များနဲ့ အမေးအဖြေ မကြာခဏလုပ်ဖြစ်ပါတယ်။ ပြည်သူလူထုအတွက် ကြိုတင်ခန့်မှန်းနိုင်ရန်၊ ငြင်သာမြင်သာရှိရန်၊ တုံ့ပြန်မှုရှိစေရန်၊အများသဘော တူညီမှုရစေရန်စတဲ့ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ရဲ့ အင်္ဂါရပ်များနဲ့ ညီညွှတ်အောင် ဆောင်ရွက်ရခြင်းဖြစ်ပေမဲ့ မကြာခဏဖြေရှင်းနေရခြင်းများ ရှိပါတယ်။ တစ်ခါတလေ လောကဓံတရားက ကျွန်တော့ကို စာနယ်ဇင်းလောကထဲ အတင်းတွန်းပို့နေပြီလား လို့ တောင်ထင်မိပါတယ်။

ပြည်ပအဖွဲ့အစည်းတချို့နဲ့ သတင်းသမားများမေးလေ့ရှိတဲ့ မေးခွန်းတစ်ခုတည်း အပေါ် ကျွန်တော့အဖြေကလည်း အမျိုးမျိုးဖြစ်ခဲ့ပါတယ်။ "ယနေ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ရာတွင် အခက်အခဲဆုံးအလုပ်ကဘာလဲ"ဆိုတဲ့ မေးခွန်းအတွက် လူသားအရင်းအမြစ် နဲ့ နည်းပညာဟူ၍လည်းကောင်း ၊ အသိပညာကျွမ်းကျင်မှုနဲ့ အတွေ့အကြုံဟူ၍ လည်းကောင်း ၊တစ်ခါတရံမှာ ငွေရေးကြေးရေးနဲ့ ဈေးကွက်ဟူ၍လည်းကောင်း ဖြေဆိုခဲ့မိပါတယ်။ မေးမြန်းသော အဖွဲ့အစည်း၊လူပုဂ္ဂိုလ်နှင့် မိမိပေးလိုသော သတင်းစကား အပေါ်မူတည်၍ အမျိုးမျိုးဖြေလိုက်ရတာကို စိတ်ထဲမှာ သိပ်ဘဝင်မကျခဲ့ပါ။ ဒါဆိုအမှန်တကယ်ဖြေသင့်သော အဖြေက ဘာလဲ ၊ လွန်ခဲ့တဲ့နှစ် အနည်းငယ်မှ စပြီးစာတွေ့နှင့် ကိုယ်တွေ့အတွေ့ အကြုံများ သိုလှောင် ထားခဲ့သော ဘလော့မှ ဆောင်းပါးတချို့ကို ပြန်လည်မွမ်းမံပြီး တင်ပြလိုက်ပါတယ်။

၂၁ ရာစုအတွင်းကို ဝင်ရောက်လာခဲ့ကြပြီးနောက် ကမ္ဘာသူကမ္ဘာသားတွေဟာ သက်ဆိုင်ရာ အစိုးရများ၊ ပါလီမန်များ၊ နိုင်ငံရေးပါတီများ၊ တရားစီရင်ရေးစနစ်များ အပေါ်ယုံကြည်မှု လျော့နည်းလာကြပြီး ဘာသာရေးအဖွဲ့ အစည်းများ၊ တက္ကသိုလ်များနဲ့ ပုံစံကျလုပ်ငန်းဌာနများ အပေါ် ပိုမိုယုံကြည်လာခဲ့ကြတယ်လို့ အပြည်ပြည်ဆိုင်ရာ လေ့လာတွေ့ရှိချက်များက ထောက်ပြ နေပါတယ်။ မဏ္ဍိုင်သုံးရပ်အပေါ် အပေါ်ယုံကြည်စိတ်ချရမှု နည်းပါးခြင်းနဲ့ ပတ်သက်လို့ ဘာကြောင့်ဒီလိုဖြစ်ရသလဲ၊ ဘယ်လိုမြှင့်တင်ပေးနိုင်မလဲဆိုတဲ့ မေးခွန်းနှစ်ရပ်ထွက်ပေါ်လာပါတယ်။ တဖန် ယုံကြည်စိတ်ချရခြင်းရဲ့ အခန်းကဏ္ဍကဘာလဲ၊ယခုခေတ်မှာ အဖွဲ့အစည်းများနဲ့

ဆက်ဆံမှုအပေါ် ပြည်သူလူထုရဲ့ ရှုမြင်မှု ပုံစံက ဘယ်လိုပြောင်းလဲလာခဲ့ပြီလဲ ဆိုတဲ့ ထပ်ဆင့်မေးခွန်းများကလည်း စဉ်းစားစရာဖြစ်လာခဲ့ပါတယ်။

ယုံကြည်စိတ်ချရမှု လျော့နည်းခြင်းရဲ့ အကြောင်းအရင်းကတော့ တိုင်းပြည်အလိုက်၊ ဒေသအလိုက်မတူညီကြပါဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အားနည်းတဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် နဲ့ လုပ်ငန်းစဉ်တွေ မလုံလောက်တဲ့ဝန်ဆောင်မှုနဲ့ စီးပွားရေးအခွင့်အလမ်းတွေကြောင့် နိုင်ငံတော် အပေါ် ယုံကြည်စိတ်ချရမှုကို ယုတ်လျော့စေပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ တိုင်းသူပြည်သားတွေ ဟာ သတင်းအချက်အလက် နဲ့ ပညာရေး အဆင့်အတန်းတွေကို ပိုမိုကောင်းမွန်စွာ ရရှိနိုင်ကြ သော်လည်း ပိုမိုပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနဲ့ ပါဝင်ဆောင်ရွက်ခွင့် တို့အတွက် တောင်းဆို လေ့ရှိကြပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ နိုင်ငံတော်အပေါ် ယုံကြည်စိတ်ချမှုသည် နိုင်ငံတော်ရဲ့ မူဝါဒများအပေါ် လူထုရဲ့ သဘောတူညီမှုနဲ့ ပိုပြီး သက်ဆိုင်တယ်လို့ဆိုရပါမယ်။ ကမ္ဘာ့လူဦးရေတိုးတက်လာခြင်း၊ လူတစ်ဦးချင်းနဲ့ အပြည်ပြည်ဆိုင်ရာ ချိတ်ဆက်မှုတိုးပွားလာခြင်း၊ တစ်ဦးနဲ့ တစ်ဦးသိနားလည်မှု ပိုကောင်းလာခြင်း၊ တစ်ဦးအပေါ် တစ်ဦးမှီခို အားထားခြင်းဖြင့် နှစ်ဦးနှစ်ဘက် အကျိုးကျေးဇူးပိုမိုရရှိလာပြီး ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန် လိုအပ် လာခြင်းတို့ဟာ ၂၁ ရာစုခေတ်ရဲ့ အဓိက စိန်ခေါ်မှုများဖြစ်ကြပါတယ်။ တစ်ချိန်တည်းမှာပဲ ဆင်းရဲနွမ်းပါးသူများအပါအဝင် နေရာပေးခြင်း မခံရသူတွေကို နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ ဘယ်လိုပါဝင်လာအောင် ပြုလုပ်သွားကြမလဲဆိုတဲ့အချက်ဟာ ဆက်စပ်မှု ရှိလာတဲ့ နောက်ထပ် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတစ်ခုအတွင်း ဖြစ်ပေါ်နေတဲ့ ပဋိပက္ခများနဲ့ ဥပဒေချိုးဖောက်ခြင်းများဟာ ဒေသတွင်းလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကိုပါ အထိုက်အလျောက် ထိခိုက်စေနိုင်တာကြောင့် နိုင်ငံတော် အပေါ် ယုံကြည် စိတ်ချရမှုတည်ဆောက်ခြင်းနှင့် လူမှုစီးပွားရေးဇာတ်ကောင်များအပေါ် ယုံကြည်စိတ်ချရမှုရှိခြင်း နဲ့ လူမှုစီးပွားရေးဇာတ်ကောင်များ အပေါ် ယုံကြည်စိတ်ချရမှုရှိခြင်းဟာ ပိုပြီး အလေးထားရမဲ့ ကိစ္စတစ်ခုဖြစ်လာပါတယ်။

ဒါ့ကြောင့်လူထုနဲ့ နိုင်ငံတော်အကြား၊လူထုနဲ့ ထိပ်ပိုင်းဇာတ်ကောင်များအကြား ၊နိုင်ငံတော် အစိုးရနဲ့ အခြားထိပ်ပိုင်းခေါင်းဆောင်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်လာစေရန် အခြေခံဖြစ်တဲ့ ယုံကြည်စိတ်ချရမှုကို တိုးတက်ခိုင်မာလာအောင်တည်ဆောက်ရေး မဟာဗျူဟာ ဟာ အခုခေတ် နိုင်ငံအားလုံးအတွက် မရှိမဖြစ်လိုအပ်ချက် ဖြစ်နေပါတယ်။

ယခုအခါ နိုင်ငံတိုင်းမှာ ပြည်သူလူထုများဟာ အစိုးရများရဲ့ စွမ်းဆောင်ရည်နဲ့ ပြည်သူလူထုရဲ့ မျှော်လင့်ချက်အကြားမှာ ဖြစ်ပေါ်နေတဲ့ ကွာဟချက်ဟာ ယုံကြည်မှု ဟာကွက် ကို ကြီးထွားစေပါတယ်။ ပြည်သူလူထုရဲ့ မျှော်လင့်ချက်ကြီးမားလာခြင်းဟာ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု၊ လွတ်လပ်ခွင့်ပိုမိုရရှိလာမှုနဲ့ သတင်းဆက်သွယ်ရေး နည်းပညာတိုးတက်ပြောင်းလဲမှုရဲ့ ရလဒ် တစ်ခုပင်ဖြစ်လို့ အဲဒါကိုလျှော့ချဖို့ မဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့်တစ်ခုတည်းသောနည်းလမ်း ဟာ အစိုးရများရဲ့ စွမ်းဆောင်ရည်ကို အပြင်းအထန်မြှင့်တင်ဖို့သာဖြစ်ပါတယ်။

ဒီသဘောတရား နဲ့ ဆက်စပ်ပြီး အာရှတိုက်နိုင်ငံအများအပြားဟာ လက်အောက်သို့ အာဏာဖြန့်ခွဲပေးခြင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်စေခြင်းစတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အများ အပြားကို စတင်အကောင်အထည် ဖော်ခဲ့ကြပေမဲ့ လုံလောက်တဲ့ စွမ်းဆောင်ရည်ခိုင်မာ တောင့်တင်းမှု မရှိကြသေးတာကို တွေ့ရပါတယ်။ ပြုပြင်ပြောင်းလဲမှုများစွာဟာ လက်တွေ့ လုပ်ဆောင်ရာမှာ အဆင့်အတန်း နိမ့်ကျလျက်ပင်ရှိနေပါတယ်။ဒီအခြေအနေဟာ ပိုမိုရှုပ်ထွေးခြင်း၊ ပိုမိုမှီခိုရခြင်းနဲ့အတူ အုပ်ချုပ်ရေးအပိုင်းရဲ့ ဩဇာအာဏာကို အားနည်းသွားစေနိုင်ပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးအပိုင်းက စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ထင်သာမြင်သာရှိခြင်း၊ တာဝန်ယူမှု ရှိခြင်းနဲ့ အခြားလက်တွဲဖော်များနဲ့ ပူးတွဲဆောင်ရွက်ရန် အသင့်ရှိခြင်းတို့လိုအပ်မည်ဖြစ်ပါတယ်။

အစိုးရများအပေါ် ယုံကြည်စိတ်ချရခြင်း နဲ့ ပတ်သက်လို့ ဆွေးနွေးမည်ဆိုရင် ရှေးဦးစွာ ယုံကြည်စိတ်ချရခြင်းရဲ့ အဓိပ္ပါယ်ရှင်းလင်းဖော်ပြချက်ဟာ အရည်အချင်းပြည့်မှီဖို့လိုပါတယ်။ ယုံကြည်စိတ်ချရခြင်းဟာ ဘက်စုံထောင်စုံမှ လေ့လာသုံးသပ်အပ်တဲ့ အယူအဆတစ်ခုဖြစ်ပါတယ်။ မိမိနေထိုင်တဲ့ လူ့အဖွဲ့အစည်းအတွင်း တစ်စုတစ်ပေါင်းတည်း တည်ရှိနေတဲ့ တန်ဖိုးထားမှုများ ၊ ဦးစားပေးမှုများနဲ့ ကွဲပြားခြားနားမှုများအပေါ် အများသဘောတူညီမှုနဲ့ လုံးဝဥဿုံ လက်သင့် ခံနိုင်မှုတို့ကို ရည်ညွှန်းတဲ့ အယူအဆလည်းဖြစ်ပါတယ်။ အဖွဲ့အစည်းတွေအပေါ်မှာ ယုံကြည်စိတ်ချရမှုကို အတိုင်းအတာ(၅)မျိုးနဲ့ လက်ခံစဉ်းစားကြရမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ ကိုယ်ကျင့်တရားဆိုင်ရာယုံကြည်စိတ်ချရမှု ၊ စီးပွားရေးဆိုင်ရာ ယုံကြည်စိတ်ချရမှု၊ နိုင်ငံရေးဆိုင်ရာယုံကြည်စိတ်ချရမှု၊ လူမှုရေးဆိုင်ရာယုံကြည်စိတ်ချရမှုနှင့် နည်းပညာပိုင်းဆိုင်ရာ ယုံကြည်စိတ်ချရမှု တို့ဖြစ်ပါတယ်။ အစိုးရများအပေါ် ယုံကြည်စိတ်ချရမှု နဲ့ ပတ်သက်လို့ နောက်ထပ် အတိုင်းအတာ (၄)မျိုးထပ်ဆောင်း စဉ်းစားနိုင်ပါသေးတယ်။ အဲဒါတွေကတော့ စေတနာ၊ လုပ်ရည်ကိုင်ရည်၊ လုပ်နည်းစနစ် နဲ့ စွမ်းဆောင်ရည် ရှိမှုတို့ဖြစ်ပါတယ်။

ဒါအပြင် အစိုးရတစ်ရပ်အပေါ် ယုံကြည်စိတ်ချရမှုတိုးပွားခြင်း၊ ကျဆင်းခြင်းတို့နဲ့ ပတ်သက်လို့ အဆုံးအဖြတ်ပေးတဲ့ အချက်(၅)ချက်လည်း ရှိပါတယ်။ ထိရောက်သော မူဝါဒနဲ့ ကောင်းစွာ အကောင်အထည်ဖော်နိုင်တဲ့ ယန္တရားများရှိခြင်းဖြင့် လူ့အဖွဲ့ အစည်းအတွက် ရလဒ်ကောင်းများဖြစ်စေခြင်းဟာ အစိုးရအပေါ် ယုံကြည်စိတ်ချမှုရရှိစေဖို့ ပထမဦးဆုံး အဆုံးအဖြတ်ပေးတဲ့အချက်ဖြစ်ပါတယ်။ တာဝန်ယူမှုရှိပြီးနိုးကြားတက်ကြွတဲ့နိုင်ငံရေး ခေါင်းဆောင်များပါဝင်ခြင်းဟာ ဒုတိယအဆုံးအဖြတ်ပေးတဲ့ အချက်ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ စီးပွားရေး တိုးတက်မှုနဲ့ အခွင့်အလမ်းများရရှိစေခြင်းဟာ အစိုးရအပေါ် ကြီးမားသော ယုံကြည်စိတ်ချမှုဖြစ်စေတဲ့ တတိယအဆုံးအဖြတ်ပေးပါတယ်။ သန့်ရှင်းတဲ့ သောက်သုံးရေရရှိမှု၊ ရေဆိုးထုတ်စနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပညာရေးအခြေအနေတွေဟာ ပြည်သူလူထုကို တိုက်ရိုက် အကျိုးသက်ရောက်စေတဲ့ ကိစ္စတွေဖြစ်ပြီး အစိုးရအပေါ် ယုံကြည်စိတ်ချရမှုဖြစ်စေတဲ့ စတုတ္ထ အဆုံးအဖြတ်ပေးပါတယ်။ ကောင်းမွန်သောအုပ်ချုပ်ရေး နဲ့ ထိရောက်တဲ့ ရုံးလုပ်ငန်းစနစ်တွေဟာ အပြည်ပြည်ဆိုင်ရာ နဲ့ ပြည်တွင်းမူဝါဒများအရ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာမှာ အခြေခံကျတဲ့အတွက် အစိုးရအပေါ် ယုံကြည်စိတ်ချရမှုတိုးပွားလာစေဖို့ အဆုံးအဖြတ်ပေးတဲ့ နောက်ဆုံးအချက်ဖြစ်ပါတယ်။

ကောင်းမွန်သော အုပ်ချုပ်ရေးဆိုသည်တာ လူထုအတွက် အကျိုးသက်ရောက်မှုရှိစေတဲ့ နိုင်ငံရေး၊ စီမံအုပ်ချုပ်မှု၊ စီးပွားရေးနဲ့ လူမှုရေးဆုံးဖြတ်ချက်များကို ပြုလုပ်ရာမှာ အဓိက ဇာတ်ကောင်များ ဖြစ်ကြတဲ့ နိုင်ငံတော်၊ လူထုအဖွဲ့အစည်း နဲ့ ပုဂ္ဂလိကကဏ္ဍတို့ရဲ့ အချင်းချင်း အပြန်အလှန် တုံ့ပြန်မှုပြုကြတဲ့အခါ လိုက်နာကျင့်သုံးအပ်တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ နိုင်ငံတော်က နိုင်ငံရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ တရားဥပဒေနဲ့ညီညွတ်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးရပါတယ်။ လူထုအဖွဲ့အစည်းဟာ နိုင်ငံရေးနဲ့ လူမှုရေးရာအချင်းချင်း အကျိုးပြုမှုကို ပံ့ပိုးပေးရပါတယ်။ ပုဂ္ဂလိကကဏ္ဍဟာ အလုပ်အကိုင်၊ ဝင်ငွေ၊ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုများ ကို ထုတ်လုပ်ပေးရမှာဖြစ်ပါတယ်။ ကောင်းမွန်သောအုပ်ချုပ်ရေးရဲ့ အနှစ်သာရဟာ အဓိက ဇာတ်ကောင်များရဲ့ အချင်းချင်း အပြန်အလှန်အကျိုးပြုမှုတွေကို အားကောင်းခိုင်မာစေခြင်း ဖြစ်ပါတယ်။ ယင်းတို့၏ ဆက်ဆံမှုအခန်းကဏ္ဍများနဲ့ စွမ်းရည်များကိုလည်း ဖွံ့ဖြိုးခိုင်မာစေခြင်းဖြင့် အပြည်ပြည်ဆိုင်ရာက လက်ခံထားတဲ့ ကောင်းမွန်သောအုပ်ချုပ်ရေးရဲ့ အခြေခံသဘောတရား များဖြစ်တဲ့ သက်ဆိုင်သူအများပါဝင်ခြင်း၊အများသဘောတူညီမှုရှိခြင်း၊ တာဝန်ခံမှုရှိခြင်း၊ ထင်သာမြင်သာရှိခြင်း၊တုံ့ပြန်မှုရှိခြင်း၊တရားမျှတခြင်း၊ထိရောက်မှုရှိခြင်း၊တရားဥပဒေစိုးမိုးရေးနဲ့ကြို

တင်ခန့်မှန်းနိုင်မှုရှိခြင်းတို့ကို ရရှိစေနိုင်မှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချရမှု တိုးမြှင့်ခြင်းဟာ အုပ်ချုပ်ရေးအဆောက်အအုံရဲ့ လုပ်ဆောင်မှုကို ထိရောက်မှုရှိစေမှာဖြစ်ပါတယ်။ ဒီနည်းနဲ့ အုပ်ချုပ်ရေးအပိုင်းရဲ့ အရည်အသွေးကိုလည်း တိုးတက်လာစေပါတယ်။ ပြည်သူလူထုက လည်း ပြည်သူ့ဝန်ထမ်းတွေကို ပြည်သူ့အကျိုးစီးပွားအတွက် တရားမျှတစွာ ဆောင်ရွက် ပေးလိမ့်မယ်လို့ မျှော်လင့်နေကြပါတယ်။မျှတပြီး အားကိုးအားထားပြုနိုင်တဲ့ ဝန်ထမ်းများ၊ ဂုဏ်သိက္ခာရှိတဲ့ မူဝါဒများနဲ့ အခြေခံအဆောက်အအုံများကသာ ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချ ရမှုကိုဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ တစ်ဘက်မှာ အကျင့်ပျက်ခြစားခြင်းဟာ တစ်ဦးတစ်ယောက်ရဲ့ လုပ်ဆောင်ချက်လို့ မရှုမြင်သင့်ဘဲ စနစ်တစ်ခုရဲ့ ချို့ယွင်းချက်ရလဒ်တစ်ခုလို့ ရှုမြင်နိုင်ရပါမယ်။ အဲဒါဟာ အားနည်းတဲ့ အုပ်ချုပ်ရေးရဲ့ ညွှန်းမှတ်တစ်ခုလို့လည်း ပြောနိုင်ပါတယ်။ အများပြည်သူ နဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ အကျင့်ပျက်ခြစားမှုတွေဟာ ပြည်သူလူထု ရဲ့ ယုံကြည်စိတ်ချနိုင်မှု ဆုံးဖြတ်ချက်ကို အလွန်ဆိုးဝါးစွာထိခိုက်စေပါတယ်။

ဒါကြောင့်ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချရရှိစေဖို့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးဖြစ်လာစေဖို့အတွက် အများပြည်သူနဲ့ သက်ဆိုင်တဲ့အပိုင်းမှာ စွမ်းရည်ရှိမှု၊ ဒေသန္တရအုပ်ချုပ်ရေးမှာ လက်အောက်ကို အာဏာဖြန့်ခွဲမှု၊ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတို့က လူထုအဖွဲ့ အစည်းများ နဲ့ ချိတ်ဆက်လက်တွဲထားရှိမှု၊ အုပ်ချုပ်ရေးအပိုင်းမှာတာဝန်ခံမှုနဲ့ ထင်သာမြင်သာရှိမှု၊ ပဋိပက္ခစီမံခန့်ခွဲမှု နဲ့ ပြန်လည်ထူထောင်မှုတို့ဟာ ယနေ့ပြုပြင်ပြောင်းလဲမှုမှာ အရေးကြီးဆုံးသော အချက်များမဟုတ်ပါကလား။

(သောကြာနေ့တိုင်းဆက်လက်ဖော်ပြပါမည်)